# ဒသမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဒသမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို အောက်ပါရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

(၁) မြန်မာ့တိုင်းရင်းဆေးပညာရပ်အား အတွေ့အကြုံအခြေပြု ဆေးပညာရပ် (Experience Based Medicine) မှ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမည့် သက်သေအထောက်အထားပြု ဆေးပညာ (Evidence Based Medicine) အဖြစ်သို့ ပြောင်းလဲတိုးတက်လာစေရန်

(၂) ပြည်သူလူထု၏ အဓိကကျန်းမာရေးပြဿနာများကို မြန်မာ့တိုင်းရင်းဆေး ပညာ၊ တိုင်းရင်းဆေးဝါးများဖြင့် ထိရောက်စွာ ကုသနိုင်ရေးအတွက် တိုင်းရင်းဆေး ကုထုံးသစ်နှင့် ဆေးဝါးသစ်များ ပေါ်ထွက်လာစေရန်

(၃) ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးကောင်းမွန်၍ အသုံးချနိုင်သော တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပေါ်ထွက်လာရေး အားပေးချီးမြှင့်ရန်

(၄) Research Culture တိုးတက်ဖွံ့ဖြိုးလာရေး၊ တိုင်းရင်းဆေးသုတေသန လုပ်ငန်းများနှင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရေး ဆောင်ရွက်သွားရန်